# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏
# သတင်းထုတ်ပြန်ချက်အမှတ်စဉ် ( ၁/၂၀၁၇)

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးအုပ်စု၊ ဖျောက်ဆိပ်ပင်ကျေးရွာနေ ဒေါ်သန်းငွေ၏ သားဖြစ်သူမောင်မိုးဝင်း (ခ) ပြည့်ဖြိုးအောင်ကို မိုင်းရှူးမြို့နေ အလုပ်သမား ခေါင်းဆောင်ဦးအောင်ကိုမင်းဆိုသူမှလုပ်အားခမပေးလိုသောကြောင့် ရိုက်နှက်ခဲ့ရာ ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့သဖြင့်မိုင်းရှူးရဲစခန်းတွင် မိခင်ဒေါ်သန်းငွေကအမှုဖွင့် တိုင်ကြားခဲ့သော်လည်း အရေးယူခဲ့ခြင်းမရှိသောကြောင့် ကူညီဆောင်ရွက်ပေးပါရန် နိုင်ငံတော်သမ္မတထံသို့လိပ်မူ၍ တိုင်တန်းစာတစ်စောင်ပေးပို့ခဲ့ပါသည်။ ယင်းစာအားနိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌမှ ပြည်သူ့လွှတ်တော်သို့လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ရုံးမှ မြန်မာ နိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ဆက်လက်ဆောင်ရွက်နိုင်ရေးတိုင်တန်းစာပူးတွဲလျက် ပေးပို့ပြီးတာဝန်ပေးအပ်လာပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အဖြစ်မှန်အားသိရှိနိုင်ရန် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့် အရေးကော်မရှင်မှ ဖွဲ့စည်းတာဝန်ပေးခဲ့သောကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည်၂၅-၁၂-၂၀၁၆ ရက်နေ့မှ၃၀-၁၂-၂၀၁၆ရက်နေ့ ထိညောင်ဦးမြို့နှင့် မိုင်းရှူးမြို့များသို့ သွားရောက်၍ ကွင်းဆင်း စစ်ဆေးခြင်း၊သက်သေ၂၅ဦးအားစစ်ဆေးမေးမြန်းခြင်းများပြုလုပ်ခဲ့ပါသည်။စစ်ဆေးတွေ့ရှိချက်များ မှာ -

(က) မောင်မိုးဝင်းဆိုင်ကယ်စီးနင်းနေစဉ် ဦးအောင်ကိုမင်းက နောက်ဘက်မှလိုက်၍ ဦးခေါင်းကိုရိုက်နှက်ခြင်း၊ နောက်ကျောကိုကျောက်ခဲဖြင့်ထုခြင်းများ ပြုလုပ်သည်ဟု မောင်မိုးဝင်းတစ်ဦးတည်းကထွက်ဆိုခဲ့သော်လည်း အခြားခိုင်လုံသော အထောက် အထားများ မတွေ့ရှိရပါ။

(ခ) မောင်မိုးဝင်းဆေးရုံတက်နေစဉ် ဦးအောင်ကိုမင်းကလာရောက် ထိုးကြိတ်သည်ဟု ဆေးရုံအုပ်ကြီးကပြောဆိုသည်ဟု ၎င်းကထွက်ဆိုပါသည်။ ထို့ပြင်လူနာစောင့် ဒေါ်နိုင်ကလည်း မောင်မိုးဝင်းအားဦးအောင်ကိုမင်းကလက်သီးဖြင့် (၃) ကြိမ်လာထိုး သည်ဟုထွက်ဆိုပါသည်။ သို့ရာတွင်အခြားမျက်မြင်သက်သေများမရှိသည့်အပြင် ဆေးရုံအုပ်ကြီးဒေါက်တာမြသန်း ကိုယ်တိုင်မြင်တွေ့ကြားသိမှုမရှိဘဲ တိုင်ကြားမှု လည်း မရှိပါဟုထွက်ဆိုပါသည်။

(ဂ) ဦးအောင်ကိုမင်းထံတွင် ခိုလမ်မြို့၌ အလုပ်လုပ်နေစဉ်မောင်မိုးဝင်း၏ ညာဘက် ခြေချောင်းများသည် ကျောက်ခွဲစက်အတွင်းညှပ်သွားပြီး ခြေချောင်း(၅)ချောင်း စလုံး ဖြတ်ပစ်ခဲ့ရသော်လည်း ၎င်းအတွက် ထိခိုက်နစ်နာမှုလျော်ကြေးမရရှိသေးကြောင်း မောင်မိုးဝင်းကထွက်ဆိုသည့် အပြင် စုံစမ်းစစ်ဆေးရေးအဖွဲ့မှလည်း ခြေချောင်း လေးများပြတ်တောက်နေသည်ကို မျက်မြင်တွေ့ရှိခဲ့ရပါသည်။ ထို့အပြင် ဦးအောင် ကိုမင်း ကိုယ်တိုင်ကလည်း ၎င်း၏လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်သဖြင့် ခိုလမ်ဆေးရုံသို့တင်ပို့ခဲ့ကြောင်း ထွက်ဆိုထားပါသည်။ သို့ရာတွင် လျော်ကြေးပေးခဲ့ သည့် အထောက်အထားတင်ပြနိုင်ခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

(ဃ) မောင်မိုးဝင်းပထမအကြိမ်ဆေးရုံမှဆင်းပြီးနောက် ဦးအောင်ကိုမင်းနှင့် ဇနီးဖြစ်သူ ဒေါ်ပူစူးမတို့က ၎င်းအားထမင်းမကျွေး၊ ရေမတိုက်ဘဲအိမ်အပြင်ထုတ်ပြီး မြေကြီးပေါ် တွင်ထားသဖြင့်နှင်းတောထဲတွင်အိပ်ခဲ့ရကြောင်း မောင်မိုးဝင်းထွက်ဆိုထားချက်ကို နာရေးကူညီမှုအသင်းမှဦးအောင်တိုး၊ လူနာစောင့်ဒေါ်နိုင်၊ ဦးသိန်းဇံ၊ ဦးအောင်ကိုမင်း (တိုင်ကြားခံရသူကိုယ်တိုင်)၊ ဒေါ်ပူစူးမ(တိုင်ကြားခံရသူ၏ဇနီး) တို့၏ထွက်ဆိုချက် များတွင် မှန်ကန်ကြောင်းထွက်ဆိုထားကြသည့် အပြင်ဆေးရုံအုပ် ဒေါက်တာမြသန်း က "ဒုတိယအကြိမ်ဆေးရုံတက်သည့်အခါ အာဟာရပြတ်ခြင်း၊ သကြားဓာတ် လွန်မင်းစွာလျော့နည်းခြင်းဖြစ်နေပြီးသတိလစ်နေသည်" ဟုထွက်ဆိုထားသဖြင့် မှန်ကန်ကြောင်းတွေ့ရှိရပါသည်။

(င) ၂၀၁၂ခုနှစ်၊အောက်တိုဘာလကစတင်၍ အလုပ်လုပ်ကိုင်ခဲ့သော်လည်း တိုင်ကြား သည့် အချိန်အထိလုပ်ခငွေများရရှိခြင်းမရှိသေးကြောင်း မောင်မိုးဝင်းက ထွက်ဆို ထားသည် ကိုဦးအောင်ကိုမင်းနှင့် ဇနီးဒေါ်ပူစူးမတို့က လုပ်ခထုတ်ပေးသည့် မှတ်တမ်းများတင်ပြငြင်းဆိုခဲ့ကြပါသည်။ သို့ရာတွင်ဒေါ်ပူစူးမ၏ လုပ်အားခငွေ ထုတ်ပေးမှုစာရင်းစာအုပ်တွင်ပါရှိသော လက်မှတ်အချို့မှာ မှင်အဟောင်းဖြစ်ပြီး လက်မှတ်အချို့မှာ မှင်အသစ်ဖြစ်နေသည်ကို တွေ့ရခြင်း၊ ငွေစာရင်းစာအုပ်ပါ မောင်မိုးဝင်း၏ လက်မှတ်နှင့်စစ်ကြောချက်တွင် ၎င်းကိုယ်တိုင်ရေးထိုးထားသော လက်မှတ်များမှာ မတူကွဲပြားနေခြင်းများတွေ့ရှိရပါသည်။

(စ) မိုင်းရှူးရဲစခန်းသို့သွားရောက်၍ အမှုဖွင့်လိုသည်ဟု ပြောသော်လည်း အမှုဖွင့် မပေး ပါဟုတိုင်တန်းစာတွင်ဖော်ပြထားခြင်းနှင့် ပတ်သက်၍ ဒေါ်သန်းဌေးတို့သည်

အမှုမဖွင့်လိုဘဲလျော်ကြေးငွေသိန်း (၃၀) ကိုသာတောင်းပေးစေလိုကြောင်း ဒုရဲမှူး သန်းဦးကထွက်ဆိုထားပါသည်။ ဒေါ်သန်းဌေးတို့က အမှုဖွင့်လိုကြောင်း လာရောက် ပြောကြားသည်ကိုရဲအရေးမပိုင်သဖြင့် စခန်းမှူးနှင့်တွေ့ဆုံရန်ရဲတပ်ကြပ်ကြီး (စာရေး) သန်းနိုင်ထွန်းကစီစဉ်ပေးခဲ့သော်လည်း ရဲလုပ်ငန်းစနစ်နှင့် အညီဖြစ်စဉ် အကြောင်းအရာများကိုအရပ်ရပ်နေ့စဉ်မှတ်တမ်း (GD) တွင်ရေးမှတ်ခြင်း မပြုခဲ့ ကြောင်းတွေ့ရှိရပါသည်။

(ဆ) ညောင်ဦးမြို့မရဲစခန်းမှရဲအုပ်သန်းဌေးမြင့်နှင့် ရဲတပ်ကြပ်ကြီး မျိုးအောင်တို့က မိုင်းရှူးရဲတပ်ဖွဲ့မှပို့လိုက်သော စွပ်စွဲစာကိုပြပြီး သားဖြစ်သူမောင်မိုးဝင်းကို လက်ထိပ်ခတ်ခဲ့သည်ဟု ဒေါ်သန်းဌေးကတိုင်ကြားခြင်းနှင့်ပတ်သက်၍ ဆိုင်ကယ် မှောက်သည့်အမှုနှင့်စပ်လျဉ်း၍ တရားခံပြေးအား ကူညီစုံစမ်းပေးပါရန် မိုင်းရှူး ရဲစခန်းမှ ညောင်ဦးမြို့မရဲစခန်းသို့ပေးပို့ထားသည့် စာမိတ္တူအား စုံစမ်းစစ်ဆေးရန် စေလွှတ်လိုက်သည့်အဖွဲ့သို့ ထည့်ပေးလိုက်ခြင်းကြောင့် ညောင်ဦးမြို့မရဲစခန်းမှ တာဝန်ရှိသူ (၂) ဦးကမောင်မိုးဝင်းအား တရားခံပြေးဟု ယူဆပြီး ဖမ်းဆီးရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအောက်ပါအတိုင်းသုံးသပ်ပါသည်-

(က) မောင်မိုးဝင်းဆိုင်ကယ်စီးနင်းနေစဉ် ဦးအောင်ကိုမင်းကနောက်ဘက်မှလိုက်၍ ဦးခေါင်းကိုရိုက်နှက်ကြောင်း၊ နောက်ကျောကိုကျောက်ခဲဖြင့် ထုကြောင်း၊ မောင်မိုးဝင်းက ထွက်ဆိုထားသော်လည်း မျက်မြင်သက်သေများမရှိသည့်အတွက် ဤအချက်နှင့်စပ်လျဉ်း၍ မှန်ကန်သည်ဟုတထစ်ချယူဆရန် ခဲယဉ်းကြောင်း သုံးသပ်ရပါသည်။

(ခ) မောင်မိုးဝင်း၏ ထွက်ဆိုချက်အရ ငှင်းဆေးရုံတက်နေစဉ် ဦးအောင်ကိုမင်းက လာ၍ထိုးကြိတ်ခြင်းနှင့်ပတ်သက်၍ သက်သေခိုင်မာမှုမရှိသဖြင့် မှန်ကန်သည်ဟု တထစ်ချယူဆရန်ခဲယဉ်းကြောင်းသုံးသပ်ရပါသည်။

(ဂ) မောင်မိုးဝင်းအား ဦးအောင်ကိုမင်းနှင့် ဇနီးဖြစ်သူတို့က ထမင်းမကျွေး၊ ရေမတိုက်ဘဲ အိမ်အပြင်မြေကြီးပေါ်တွင် ထားခဲ့ခြင်းမှာအခြားသက်သေနှင့် အထောက်အထားများ

အရမှန်ကန်ကြောင်းတွေ့ရှိရသဖြင့် ဦးအောင်ကိုမင်းနှင့် ဒေါ်ပူစူးမတို့သည် မောင်မိုးဝင်း၏ အခွင့်အရေးကိုဥပေက္ခာပြုလိုသည့်ဆန္ဒရှိသည်ဟုသုံးသပ်ပါသည်။

(ဃ) ဦးအောင်ကိုမင်းထံတွင် ခိုလမ်မြို့၌ အလုပ်လုပ်နေစဉ် မောင်မိုးဝင်း၏ ညာဘက် ခြေချောင်းများကျောက်ခွဲစက်အတွင်းညှပ်သွားပြီးခြေချောင်း (၅) ချောင်းစလုံးဖြတ် ပစ်ခဲ့ရသော်လည်း ၎င်းအတွက်ထိခိုက်နစ်နာမှု လျော်ကြေးမရရှိသေးသဖြင့် လုပ်ငန်း ခွင်ထိခိုက်မှုအတွက်လျော်ကြေးရသင့်သည်ဟုသုံးသပ်ရပါသည်။

(င) မောင်မိုးဝင်းကစတင်၍ အလုပ်လုပ်ကိုင်ခဲ့သည်မှ တိုင်ကြားသည့်အချိန်အထိ လုပ်ခ ငွေများရရှိခြင်းမရှိသေးကြောင်း ထွက်ဆိုထားပြီးဦးအောင်ကိုမင်းနှင့် ဇနီးဒေါ်ပူစူးမ တို့တင်ပြသောလုပ်ခထုတ်ပေးမှတ်တမ်းများတွင် မှင်အဟောင်းနှင့် မှင်အသစ် ကွဲပြားနေခြင်း၊ စာရင်းစာအုပ်ပါမောင်မိုးဝင်း၏ လက်မှတ်နှင့်စစ်ကြောချက်တွင် ရေးထိုးထားသောလက်မှတ်များ မတူကွဲပြားနေခြင်းများကြောင့် တင်ပြသည့် ငွေစာရင်း ရှင်းတမ်းမှာပြင်ဆင်ပြုစုထားသည့် ငွေစာရင်းရှင်းတမ်းဖြစ်နိုင်သဖြင့် မောင်မိုးဝင်းသည်ရထိုက်သောအခကြေးငွေများမရရှိသေးဟုသုံးသပ်ပါသည်။

(စ) မိုင်းရှူးရဲစခန်းသို့သွားရောက်၍ အမှုဖွင့်ချင်သည်ဟု ပြောသော်လည်း အမှုဖွင့် မပေးပါဟု တိုင်တန်းစာတွင်ဖော်ပြထားခြင်းနှင့် ပတ်သက်၍ တွေ့ရှိချက်များအရ မိုင်းရှူးရဲစခန်းမှူးဒုရဲမှူးသန်းဦးနှင့်ရဲတပ်ကြပ်ကြီး (စာရေး) သန်းနိုင်ထွန်းတို့သည် ၎င်းတို့ထမ်းဆောင်ရမည့်ရဲလုပ်ငန်းတာဝန်များကိုပြည့်စုံစွာဆောင်ရွက်ခဲ့ခြင်းမရှိဟု သုံးသပ်ရပါသည်။

(ဆ) ညောင်ဦးမြို့မရဲစခန်းမှရဲ အုပ်သန်းဌေးမြင့်နှင့် ရဲတပ်ကြပ်ကြီးမျိုးအောင်တို့က သားဖြစ်သူမောင်မိုးဝင်းကိုမိုင်း ရှူးရဲတပ်ဖွဲ့မှ ပို့လိုက်သောစွပ်စွဲစာကိုပြပြီး လက်ထိပ်ခတ်ခဲ့သည်ဟု ဒေါ်သန်းဌေးက တိုင်ကြားခြင်းနှင့်ပတ်သက်၍ ဒုရဲမှူး သန်းဦး၏လွဲမှားသောလုပ်ဆောင်မှုကြောင့် ရဲလုပ်ငန်းစနစ်ရှုပ်ထွေးပြီး မလိုလား အပ်သောဖြစ်စဉ်များဖြစ်ပွားခဲ့သည်ဟုသုံးသပ်ရပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏အကြံပြုတိုက်တွန်းချက်များမှာ-

(က) မောင်မိုးဝင်းအားဦးအောင်ကိုမင်း၏ နေအိမ်တွင် ၎င်းအားထမင်းမကျွေး ရေ မတိုက်ဘဲ အိမ်အပြင်ထုတ်ထားခြင်းကြောင့် ၎င်းတို့နှစ်ဦးအား ဥပဒေကြောင်း

အရလိုအပ်သလို အရေးယူခြင်းနှင့်နစ်နာသူမောင်မိုးဝင်းအား လူမှုရေးအရ ကုစားပေးခြင်းများဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ဦးအောင်ကိုမင်းထံတွင် ခိုလမ်မြို့၌ အလုပ်လုပ်နေစဉ် မောင်မိုးဝင်း၏ ညာဘက်ခြေချောင်းများသည် ကျောက်ခဲ့စက်အတွင်း ညှပ်သွားပြီးခြေချောင်း (၅) ချောင်းစလုံးဖြတ်ပစ်ခဲ့ရသော်လည်း ၎င်းအတွက်ထိခိုက်နစ်နာမှုလျော်ကြေး မရရှိသေးသဖြင့် အလုပ်သမားဥပဒေအရလျော်ကြေးရရှိနိုင်ရေးဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) မောင်မိုးဝင်းသည် ၂၀၁၂ခုနှစ် ၊အောက်တိုဘာလမှစ၍ လုပ်ခငွေများ အပြည့်အဝရရှိခြင်း မရှိသေးသဖြင့် မောင်မိုးဝင်းအတွက် ရထိုက်သောလုပ်ခငွေများရရှိရေး သက်ဆိုင်ရာမှစိစစ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) မိုင်းရှူးရဲစခန်းမှူးဒုရဲမှူးသန်းဦးနှင့်ရဲတပ်ကြပ်ကြီး (စာရေး) သန်းနိုင်ထွန်းတို့သည် ၎င်းတို့ထမ်းဆောင်ရမည့်ရဲလုပ်ငန်းတာဝန်များကို
ပြည့်စုံစွာဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် ၎င်းတို့နှစ်ဦးအား သက်ဆိုင်ရာမှ သင့်တော်သလို အရေးယူသင့်ပါသည်။

(င) ထို့ပြင်မိုင်းရှူးရဲစခန်းမှူး ဒုရဲမှူးသန်းဦး၏ လုပ်ဆောင်မှုကြောင့် ညောင်ဦးရဲစခန်းတွင်ရဲလုပ်ငန်းစနစ်ရှုပ်ထွေးပြီး မလိုလားအပ်သောဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းကြောင့် ၎င်းအားသက်ဆိုင်ရာမှသင့်တော်သလိုအရေးယူသင့်ပါသည်။

၅။ စသည်ဖြင့်သုံးသပ်ချက်နှင့် အကြံပြုချက်များပါဝင်သည့် အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံတော်သမ္မတဦးစီးရုံးသို့လည်းပေးပို့တင်ပြထားပါကြောင်းဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၇ခုနှစ်၊ဇန်နဝါရီလ၆ရက်